（311）～ အလိမ်းလိမ်းဖြစ်တယ်

= ～まみれになる

လယ်ကွင်းမှာတစ်ရက်လုံးအလုပ်လုပ်လို့ခြေလက်ကရွှံ့အလိမ်းလိမ်းဖြစ်တယ်။

（田んぼで１日じゅう仕事をしたので手足が泥まみれになった）

（312）ကပြောင်းကပြန် ＝ 支離滅裂に

မနေ့ညသူဟာမူးယစ်ပြီးတော့စကားကိုကပြောင်းကပြန်ပြောခဲ့တယ်။

（昨晩、彼は酔っ払って、支離滅裂な話し方をした）

（313）数 ＋ပုံ＋ 数 ＋ပုံ ＝ ～分の…（分数）

ဂျပန်ရဲ့သုံးပုံနှစ်ပုံဟာတောင်ဖြစ်တယ်။

（日本の３分の２は山である）

（314）動詞語幹 +ကြူးတယ် ＝ ～しまくる

ကျွန်တော်ဟာဆေးရုံတက်ကတည်းက

စာအုပ်များကိုဖတ်ကြူးနေတယ်။

（私は病院に入院してから、本を読みまくっている）

(315)ယဉ်ယဉ်ကျေးကျေး ＝ 丁寧に、上品に

အဲဒီကလေးဟာစာလုံးကိုတစ်ခုပြီးတစ်ခုယဉ်

ယဉ်ကျေးကျေးရေးခဲ့တယ်။

（その子供は、文字を１つ１つ丁寧に書いた）

（316）နွမ်းဟောင်းတယ် ＝ 老朽化する

အင်္ဂလိပ်စစ်တပ်ကတည်ဆောက်ခဲ့တဲ့စစ်ကိုင်း

တံတားဟာတော်တော်နွမ်းဟောင်းနေပြီ။

（イギリス軍が造ったザガイン橋は、相当に老朽化している）

(317) ကြောင်တောင်တောင်　＝ ぼうっと

သူဟာအခုမှအိပ်ရာကထလို့ပြတင်းပေါက်အပြင်ကိုကြောင်တောင်တောင်လှမ်းကြည့်နေတယ်။

（彼は今起きたばかりなので、窓の外をぼうっと眺めている）

(318) ပိုင်စိုးပိုင်နင်း～　＝　わがままな～

သူဟာအမြဲတမ်းပိုင်စိုးပိုင်နင်းပန်ကြားချက်ဘဲပြောဆိုလို့ကျွန်တော်တို့ဟာအခက်အခဲတွေ့နေတယ်။

（彼はいつも、わがままな頼みごとばかりするので、私たちは困っている）

（319）မျက်နှာကြီးငယ်ရွေးတယ်

＝ えこひいきする

ကျောင်းဆရာတွေဟာကျောင်းသူကျောင်း

သားများကိုမျက်နှာကြီးငယ်ရွေးလို့မရဘူး။

（学校の先生は、生徒たちをえこひいきしてはならない）

（320）သိသိသာသာ ＝ 明らかに

ရာသီဥတုနဲ့ပတ်သက်ပြီးဆိုရင်ရန်ကုန်ဟာပူ

တာအိုထက်သိသိသာသာပူတယ်။

（気候についていえば、ヤンゴンはプーターオより明らか

に暑い）